အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

**Women's League of Burma**

---

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)က NLD အစိုးရသစ်နှင့် အလှူရှင်များအား ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပုံစံသစ်ဖြင့်ပြန်လည် စတင်ရန် တိုက်တွန်း တောင်းဆိုလိုက်သည်။

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ - WLB) သည် တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) တို့အကြား မကြာသေးမီက ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သား (၅၀၀၀) ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးရပြီး မျိုးဆက်ပေါင်းများစွာ အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လာခဲ့သော တိုင်းရင်းသားလူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ ဖြစ်ပေါ်စေခဲ့သည့်အတွက် အလွန်အမင်း စိုးရိမ်မှုများ ဖြစ်ရသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သော နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ရေးထိုးပြီး မကြာမီအချိန်အတွင်း တိုက်ပွဲများ ဖြစ်ပွားလာရခြင်းမှာ တိုက်ဆိုင်မှုသက်သက် မဟုတ်နိုင်ပါ။ RCSS သည် လက်မှတ်ရေးထိုးခဲ့သော အဖွဲ့ရှစ်ဖွဲ့ထဲတွင် တစ်ဖွဲ့အပါအဝင် ဖြစ်ပါသည်။ အခြားတိုင်းရင်းသားလက်နက်ကိုင် အင်အားစုတို့မှာ အဆိုပါသဘောတူစာချုပ် လက်မှတ်ရေးထိုးမှုသည် အားလုံးပါဝင်မှုကို ကန့်သတ်ထားသော အနေအထားကြောင့် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပါ။ TNLA သည် နေပြည်တော် အစိုးရအနေနှင့် လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့သည့် အဖွဲ့များမှ တစ်ဖွဲ့ဖြစ်ပါသည်။

တနိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ် (NCA) တွင် အချို့သော လက်နက်ကိုင် အဖွဲ့အစည်းများအား နေပြည်တော် အစိုးရမှချန်လှပ်ထားခဲ့ခြင်းသည် သွေးခွဲအုပ်ချုပ်ရေး မဟာဗျူဟာကို ကျင့်သုံးလိုက်ခြင်းသာ ဖြစ်ပြီး ယခုအခါ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယင်း မဟာဗျူဟာရလာဒ်တို့ကို ခံစားတွေ့ကြုံနေရပြီးဖြစ်သည်။

အမှန်တကယ်တွင် NCA ၏ အားလုံး ပါဝင်နိုင်မှုကို ကန့်သတ်ထားခြင်းသည် မူလအစမှာပင် ကျဆုံးမှုများကို ဖော်ပြနေသည်။ သို့ရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ထောက်ခံမှုဖြင့် နေပြည်တော် အစိုးရသည် ယင်းတို့၏ အကျိုးစီးပွားအပြင် အခြားမည်သူတစ်ဦး တစ်ယောက်၏ အကျိုးစီးပွားကိုမျှ ထည့်သွင်းစဉ်းစားခြင်းမရှိသော အဆိုပါ "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်" ကို ဆက်လက် အကောင်အထည်ဖော်ခွင့်ရနေခဲ့သည်။ အစိုးရအနေဖြင့် ကိုယ်ကျိုးဖက်သော ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းထက် ပြည်သူတို့၏ အကျိုးစီးပွားကိုအဓိကထားပြီး လုပ်ဆောင်ရန် အချိန်ရောက် ပြီဖြစ်ကြောင်း မိမိတို့အနေဖြင့် အသိပေး တိုက်တွန်းလိုက်သည်။

ယခုအခါ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရသစ် ဖွဲ့စည်းရန် အချိန်ရောက်ပြီဖြစ်သဖြင့် ဆန်းသစ်ပြီး အများအကျိုးကို ရှေးရှုသည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းစဉ်ကို အသစ်တစ်ဖန် ပြန်လည် စတင်ရန် လိုအပ်ပေသည်။

ယုံကြည်မှု တည်ဆောက်နိုင်ရန် ပထမ အဆင့်အနေဖြင့် တပ်မတော်သည် ၎င်းတို့၏ စစ်ရေးအရ ထိုးစစ်ဆင်မှုများကို ချက်ချင်းရပ်တန့်ပြီး ပဋိပက္ခဒေသများတွင် တပ်စွဲထားသော ယင်းတို့၏ တပ်ဖွဲ့များ ကို ရုတ်သိမ်းပေးရမည်။ ယင်းနောက်တွင် လက်နက်ကိုင် အဖွဲ့များအားလုံးကို ချွင်းချက်မရှိပဲ ဆွေးနွေး ပွဲများတွင် ပါဝင်ခွင့်ရှိစေရမည်။

ထို့အပြင် တိုင်းရင်းသား ဒေသများရှိ သယံဇာတ အရင်းအမြစ်များကို နေပြည်တော်က သိမ်းပိုက် လုယူနေခြင်းသည် ပဋိပက္ခကို ပိုမိုဆိုးရွားမှုများဖြစ်စေကြောင်းကို အစိုးရသစ် အနေဖြင့် အသိအမှတ် ပြုရမည်။ ရေအားလျှပ်စစ် ရေကာတာများ အပါအဝင် ရောမတူးဖော်ထုတ်လုပ်ရေး စီမံကိန်းများကို စစ်မှန်သော ဖက်ဒရယ် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်အထိ အစိုးရသစ်မှ ခေတ္တဆိုင်းငံ့ထား ပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူများကို ယင်းတို့ ဒေသရှိ သယံဇာတ အရင်းအမြစ်များအပေါ် ယင်းတို့ကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်များ ရှိစေရန် စဉ်းစားပေးရာရောက်သည်။

နောက်ဆုံးအနေဖြင့် နိုင်ငံတကာ အလှူရှင်များက အားလုံးပါဝင်မှုကို ဖော်ဆောင်ပေးရန် ပျက်ကွက် ခဲ့သော NCA ကို ဆက်လက်ဆုတ်ကိုင်မထားပဲ မြန်မာ့တပ်မတော်နှင့် ခရိုနီများ၏ အကျိုးစီးပွားကို တစ်ဖက်စောင်းနင်း ဖေးပေးထားခြင်း မရှိပဲ အများပြည်သူ အကျိုးစီးပွားကို အလေးထားပြီး ငြိမ်းချမ်းရေး တည်ဆောက်မှု ပုံစံသစ်ကို အသစ်စတင်ရန် ပံ့ပိုးမှုများ လုပ်ဆောင်သင့်ကြောင်း မိမိတို့မှ တိုက်တွန်းလိုက်သည်။

ဆက်သွယ်ရန်

မယ်းစုစုဆွေ (ပွဲကိုင်ကော်မတီဝင်၊ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်) +95 (0)9425027681

နော်ဝါးခူးရှီး (ပွဲကိုင်ကော်မတီဝင်၊ မူဝါဒရေးရာ ဦးဆောင်အဖွဲ့ဝင်) +66 (0)861182261

ဂျူလီယာ မရစ် (အထွေထွေအတွင်းရေးမှူး) + 95 (0)9790763474

---